

ပေါ့ကိုင်း
ဘိုးတော်လိမ်နှင့်
သုသာန်စောင့် မမဲဖြာ
K.Z.L

## အခန်း(၁)

ပလုတ်တုတ်ရွာလေး၌ နာမည်ကြီး ဂါထာ၊ မန္တန်၊ မန္တရား၊ အဆောင်၊ လက်ဖွဲ့၊ နက္ခတ်နှင့် တဲရော့ဗေဒင်ပညာရှင် ‘ဘိုးတော်ကျော်သောင်း’ ရုတ်တရက် ချေးစိမ်းပန်းပြီး ဆုံးသွားလေသည်။

အဲဒီ နေ့က ရွာလုံးကျွတ် အသုဘလိုက်ပို့သူများနှင့် စည်ကားလျက်ရှိသည်။

ဘိုးတော်ကျော်သောင်း၏ ကျန်ရစ်ခဲ့ရှာသော သား သူရိယကျော်သောင်းနှင့် သမီး စန္ဒာ ကျော်သောင်းဟူသော မောင်နှမနှစ်ယောက်က သချႋုင်းသွားရာလမ်းတစ်လျှောက် ဖက်ပြီး ငိုနေကြရှာ သည်။

‘အီး…. ဟီး….ဟီး …. ကိုကိုရယ်၊ ဖေဖေက ရုတ်တရက်ကြီး ချေးစိမ်းပန်းပြီး ဆုံးသွားတော့ ညီမလေးတို့ မောင်နှမနှစ်ယောက်တည်း လူ့လောကအလယ်မှာ မျက်နှာငယ်ရပြီပေါ့’

အစ်ကိုဖြစ်သူကလည်း ညီမဖြစ်သူကို နှစ်သိမ့်ရှာပါသည်။

‘မငိုပါနဲ့ ညီမလေးရယ်၊ ကိုကိုတစ်ယောက်လုံး ရှိပါတယ်။ ဖေဖေက အစားအသောက် မဆင်ခြင်လို့ ဖြစ်တာပါ။ သူစားတာတွေလည်း ကြည့်ဦးလေ။ မနက်ခင်း မုန့်ဟင်းခါး နှစ်ပွဲ၊ နေ့လယ် ချဉ်ပေါင်ဟင်းနဲ့ သရက်ချဉ်ကို ရှောက်သီးသုပ်က ပါလိုက်သေး….. ညကျတော့ ပဲကုလားဟင်းနဲ့ ကင်ပွန်းချဉ်ရွက်အပြင် အိပ်ခါနီး နွားနို့နှစ်ခွက် ထပ်သောက်မှတော့ ပန်းပြီပေါ့’

အစ်ကို၏ စကားကို ညီမဖြစ်သူက လက်မခံ။

‘မဟုတ်ဘူး အစ်ကို….. ဖေဖေသေရတာ ယတြာမချေလို့ …. တကယ်လို့ ဖေဖေသာ သူသေမယ့်ရက်ကို ကြိုသိပြီး ယတြာချေခဲ့ရင် အခုလိုဖြစ်မှာ မဟုတ်ဘူး….. ဖေဖေက သူ့ကိုယ်သူ ဇေဒင်တွက်ပြီး ယတြာချေဖို့ မေ့သွားလို့ သိလား’

‘တရားနဲ့ဖြေပါ ညီမလေးရယ်…… ကိုကိုတို့ ဗုဒ္ဓမြတ်စွာဘုရားရှင်တောင် သေခြင်းတရားကို လွန်ဆန်နိုင်တာမှ မဟုတ်တာ… ဖေဖေ့လို ဘာမဟုတ်တဲ့ ဘာမဟုတ်တာက ဘယ်လို လွန်ဆန်နိုင်မှာ တဲ့လဲ’

ဘိုးတော်ကျော်သောင်း၏ မသေခင်မှာ တော်စပ်ထားခဲ့သော … တပည့်လေးယောက်ဖြစ်သူ ဒု၊ သ၊ န၊ သော ဟူသော လေးယောက်ထဲမှ ဒုက သူ့ဆရာ၏ သမီးစန္ဒာကျော်သောင်းကို နှစ်သိမ့်သည်။

‘ဟုတ်ပါတယ် မမလေးရယ်…. ဆရာကြီးက ထွက်ရပ်ပေါက်သွားတာပါ။ ဒါပေမဲ့ အသက်က အပေါ်က မထွက်ဘဲ အောက်က ထွက်သွားတာကတော့ လမ်းကြောင်းမှားသွားတာပါ’

ထိုစကားကြောင့် ‘ဒု’ကို သူရိယကျော်သောင်းက လှမ်းဟန့်သည်။

‘တော်စမ်း ဒု၊ မင်း မဟုတ်တာတွေ မပြောနဲ့။ ဖေဖေက မသေခင် ငါ့ကို ကယောင်ကတမ်းနဲ့ ဘာတွေပြောသွားတယ် မှတ်လဲ’

‘ဘာတွေ ပြောသွားလဲဟင်….. မမလေးကို ကျွန်တော်နဲ့ ပေးစားလိုက်ပါတဲ့လား’

‘အေး….. ခမ်းခမ်းနားနား မင်္ဂလာဆောင်ပေးလိုက်ပါတဲ့’

‘ဟာ…… တကယ်၊ အဲဒါဆို ဆရာလေးက ကျွန်တော့်ယောက်ဖ ဖြစ်သွားပြီပေါ့’

‘အေး…. ယောက်ဖလို့ ခေါ်ကြည့်စမ်း’

'ယောက်ဖရေ'

'ဗျာ'

'ဟာ...... ကိုကို ဘာတွေ လျှောက်ပြောနေတာလဲ၊ ဒီမျက်ခွက်ကြီးကို ညီမလေးက ယူစရာ လား'

စန္ဒာကျော်သောင်း၏ ရှက်ကိုးရှက်ကန်းစကားကြောင့် သူရိယကျော်သောင်း သတိပြန်ဝင် လာပြီး ဒုကို နားရင်းပိတ်ရိုက်လိုက်သည်။

သူ့ညီမကလည်း ယောကျ်ားဆန်ဆန်နေတတ်ပေမဲ့ သေချာကြည့်ရင် လှသည်။

'ဖောင်း'

'အွတ်'

ဒု ပါးစပ်ထဲမှ တံတွေးတစ်ပိသာလောက် ဒိုင်ဗင်ပစ်ဆင်းသွားသည်။

'ခွေးကောင်း၊ မင်းလုပ်တာနဲ့ ငါပါယောင်ကုန်ပြီ။ နောက်တစ်ခါ ထပ်ပြောရင် အဖေနဲ့အတူ မင်းပါ လိုက်သွားရမယ်'

'မ.... .မလုပ်ပါနဲ့ ဆရာလေးရယ်...... နောက်မပြောတော့ပါဘူး'

'အေး... ဒါဆို တိတ်တိတ်နေ၊ ငါပြောမယ့်စကားတောင် ဘယ်ရောက်သွားလဲ မသိဘူး'

ဒုက ထောက်ပေးသည်။

'ဟို ဆရာကြီး မသေခင်မှာ ကယောင်ကတမ်း ပြောသွားတယ် ဆိုတာလေ'

'အေး..... မသေခင်မှာ ဘာပြောသွားလဲဆိုတော့ သူ့ကို နတ်မြင်းလေးကောင်ကတဲ့ ရထားလုံး နဲ့ လာခေါ်နေပြီတဲ့'

‘ဟာ… ဒါဆို ဆရာကြီး နတ်ပြည်ရောက်သွားတာပဲ ဖြစ်မယ်။ ဂမ်းသာလိုက်တာ၊ အဲ… ဟုတ်သေးပါဘူး ထွက်ရပ်ပေါက်သွားတယ်ဆိုရင် ဘယ်လိုနတ်ပြည်ရောက်မှာလဲ’

‘စကားကို ဆုံးအောင် နားထောင်ဦး…. အဲဒီ ရထားလုံးပေါ်မှာ မောင်းလာတာ ဘယ်သူထင်လဲ’

‘မာတလိ မဟုတ်လား’

‘မာတလိ မဟုတ်ဘူး သေမင်း’

‘ဟင်’

ဒု မျက်လုံးပြူးသွားသည်။

‘အဲဒီ သေမင်းက သူ့ကို လက်ယပ်ခေါ်ပြီး …. လာခဲ့…. လူတွေကို လိမ်ချင်တဲ့ကောင် အဂီစိ ရောက်မှ ပျော်ပျော်ကြီး လိမ်ပေတော့လို့….. ပြောတယ်တဲ့။ အဲဒီ လိုလည်း ပြောပြီးရော….. သူလည်း အသက်ထွက်သွားရော၊ ငါ့ အထင်တော့ …..အဖေ…. ဧကန္တ’

အစ်ကိုဖြစ်သူ၏ စကားကို ညီမက မကျေနပ်…..

‘ကိုကို…. ကိုယ့်အဖေကို ဘာတွေ လျှောက်ပြောနေတာလဲ၊ သူများတွေကြားရင် တစ်မျိုးထင်ဦး မယ်…… ဖေဖေက သူမသေခင် လူသားတွေကောင်းကျိုးအတွက် လုပ်သွားတာပဲ၊ ရောက်ချင်း ရောက်….. နတ်ပြည်ပဲ ရောက်မှာပါ’

‘ဟုတ်ပါတယ် ဆရာလေးရယ်၊ ပြီးတော့ အာရုံဆိုတာ အကောင်အထည် မရှိပါဘူး……ဖြစ်ပြီး ရင် ပျက်တာပဲလေ….. လူ့ဘဂဆိုတာ ….ဒုက္ခသစ္စာပါပဲ….. ဆရာကြီးရဲ့ သေခါနီး အာရုံကိုလည်း အတည်ယူလို့ မရပါဘူး…..သူ့ခန္ဓာဝန်က ကျွတ်ပြီး…. ဒုက္ခ ငြိမ်းသွားတယ်လို့ပဲ…. မှတ်လိုက်ပါ’

'ဒု၊ အဲဒါကြောင့် မင်းကို ဒုလို့ ခေါ်တာ.... ဒုက္ခသစ္စာအကြောင်းတွေ သိပ်ပြောတာပဲ။ ကျန်တဲ့ ကောင်တွေကလည်း 'သ'တဲ့..... သံသရာက လွတ်မြောက်ချင်လို့ ပေးထားတဲ့ နာမည်တဲ့။ နောက် တစ်ယောက်ကလည်း 'န'တဲ့ ... နိမိတ်ကြီးလေးပါးကို အမြဲဆင်ခြင်သုံးသပ်နေလို့တဲ့.... နောက် တစ်ယောက်ကလည်း 'သော'တဲ့။ သောတာပန်တည်မယ့်သူတဲ့..... လေးယောက်ပေါင်းတော့ ဘာကြီး ဖြစ်သွားမှန်းကို မသိတော့ဘူး။ မင်းတို့ အဲဒီ လောက်သိနေရင် ဘုန်းကြီးပဲ ဆက်ဝတ်နေပါလား။ ဘာလို့ လူထွက်ပြီး အဖေ့ဆီမှာ တပည့်ခံတာလဲ'

'ဒါကတော့ ဆရာလေးရယ်.... ဆွမ်းခံနေရင်း ဆွမ်းလာလောင်းတဲ့ ဆရာကြီးရဲ့သမီးလေးကို ပြိုင်တူ စွဲလမ်းမိလို့ လေးယောက်လုံး လူထွက်ပြီး တပည့်ခံလိုက်တာပါ'

နောက်ဆုံးတော့ ဒီဘူတာပဲ ဆိုက်သည်။

စန္ဒာကျော်သောင်းကို မျက်စလေးပစ်၍ ပြောလိုက်သဖြင့် စန္ဒာကျော်သောင်းက နှုတ်ခမ်းကို ကိုက်ပြီး မျက်နှာလွှဲလိုက်စဉ် သူရိယကျော်သောင်းက သည်းမခံနိုင်တော့ဘဲ ဒု၏ ဖင်ကို ဖနောင့်နှင့် ဆောင့်ကန်လိုက်ရာ ရှေ့က နွားချေးပုံပေါ် ဟပ်ထိုးလဲကျသည်။

အသုဘလိုက်ပို့သောသူများက 'ဒု'ကို ကြည့်ပြီး ဝိုင်းရယ်ကြသည်။

'ဟေ့..... ဟေ့.... သူများ အသုဘလိုက်ပို့တာ တဟီးဟီး တဟားဟားနဲ့ ဘာဖြစ်နေကြတာလဲ .....တိတ်တိတ်နေစမ်း..... ငါ တရားမှတ်နေတာ အာရုံပျက်တယ်'

ရွာသူကြီးက လှမ်းဟောက်လိုက်သဖြင့် အားလုံးမျက်နှာပိုးသတ်လိုက်ကြသည်။

ဒုကတော့ သူ့မျက်နှာမှာပေနေသော နောက်ချေးတွေကို

ပုဆိုးနှင့်သုတ်ရင်း မျက်နှာကြီးရှုံ့မဲ့နေ သည်။

ခဏအကြာ အသုဘလိုက်ပို့သော လူအုပ်ကြီးမှ ဝါးကနဲ ရယ်သံထိန်းမနိုင် သိမ်းမရ ထွက်ပေါ် လာသည်။

ရှေ့ဆုံးမှာ တရားမှတ်၍ လူအုပ်ကြီးကို ဦးဆောင်သွားသော ရွာသူကြီး၊ သူ့ရှေ့က တူးလက်စ မြေကျင်းကြီးထဲ ခြေချော်ပြီး ပြုတ်ကျသွားသောကြောင့် ဖြစ်သည်။

အဲဒီ ကျင်းက ဘိုးတော်ကျော်သောင်းအတွက် တူးထားသော ကျင်း၊ သူတို့ သချႋုင်းမြေတောင် ရောက်လာပြီပဲ။

ရွာသူကြီးက တွင်းထဲမှ လူးလဲထရင်း လူအုပ်ကြီးကို ဆဲသည်။

‘မသာတွေ.... ရှေ့မှာ တွင်းရှိတာ ငါ့ကို သတိမပေးဘူး။ ကြည့်ပြီး ဝိုင်းဟားနေတယ်.... လခွီးတဲ့မှပဲ’

‘သြော်.... သူကြီး တရားမှတ်နေတာ ပျက်သွားမှာ စိုးလို့ပါ’

ဒီလိုနှင့် ဘိုးတော်ကျော်သောင်း အခေါင်းကို ကျင်းထဲထည့်၊ မြေမြှုပ်ပြီး အားလုံး ငိုယိုပြီးစီး သွား၍ ပြန်သွားသည့်အချိန်တွင် ည ၈ နာရီပင် ကျော်နေပြီ။

သူတို့ ပြန်သွားပြီးနောက် သချႋုင်းမြေရှိ အုတ်ဂူတစ်ခုပေါ်တွင် မိန်းမတစ်ယောက် ဆံပင် ဖားလျားချ၍ ငုတ်တုတ်ထိုင်နေသည်ကိုတော့ ဘယ်သူမှ မတွေ့လိုက်ပါချေ။

*

## အခန်း(၂)

ဘိုးတော်ကျော်သောင်း… ဂါထာ၊ မန္တန်၊ မန္တရား၊ အဆောင်၊ လက်ဖွဲ့၊ နက္ခတ်နှင့် တဲရော့ဗေဒင် ပညာရှင် ဟူသော ဗီနိုင်းရှေ့တွင် ငုတ်တုတ်မှိုင်ပြီး တွေးချင်ရာ တွေးနေသည်က သားတော်မောင် သူရိယကျော်သောင်း။

ဖခင်မရှိတော့သည့်နောက် ဘာလုပ်ရမလဲဟု စဉ်းစားနေသည်။

ခက်တာက ဘာမှမလုပ်တတ်။

အဖေ့ပညာတွေက အဖေနှင့် ပါသွားသည်။

သို့သော် ….. အဝတ်အစား တစ်စုံတော့ ကျန်ခဲ့သည်။

အဲဒီ အဝတ်အစားကို ပေါင်လိုက်ရင် ကောင်းမလား။ ရောင်းလိုက်ရင် ကောင်းမလား။

ခက်တာက အဝတ်အစားက ဟောင်းနေတော့….. ဈေးကောင်းရမည် မထင်။

မထူးပါဘူးလေ။

လက်နှီးစုတ်လုပ်လိုက်တာပဲ ကောင်းပါတယ်။

အမေ မရှိတော့ အဖေကျန်ခဲ့တဲ့ အဝတ်အစားကို လက်နှီးစုတ်လုပ်တာ သဘာဝကျပါသည်။

မဟုတ်လည်း သုံးလို့ ရမှာမှ မဟုတ်တာ။

အဲဒီ လို တောင်တွေး မြောက်တွေး တွေးနေစဉ် မိန်းမတစ်ယောက်

သူ့ရှေ့သို့ ဘွားကနဲ ပေါ်လာသည်။

'ဟဲ့.... ပလုပ်တုတ်'

သူရိယ လန့်ဖျပ်သွားစဉ် မိန်းမကြီးရဲ့အသံ ထွက်လာသည်။

'ဟုတ်ပါတယ်ကွယ်.... မမက ဒီပလုပ်တုတ် ရွာသူပါပဲ'

'အဲဒါကို ပြောတာ မဟုတ်ဘူးဗျ..... ခင်ဗျား ကျုပ်ရှေ့ ဘွားခနဲ ရောက်လာလို့ လန့်ပြီး အော် လိုက်တာ'

'ဩော်.... ဟုတ်လား၊ မသိလို့ပါကွယ်'

'ဒါနဲ့ လာရင်းကိစ္စက'

'မမ မောင်လေးကို အိုးကားချင်လို့ပါ'

'ဗျာ'

သူရိယ မျက်လုံးပြူးသွားသည်။

'ဩော်..... မဟုတ်ပါဘူး... စကားမှားသွားလို့... .အားကိုးချင်လို့လို့ ပြောတာ။ မမ ယောကျ်ား က အိမ်ပေါ်က ဆင်းသွားတယ်လေ.... အဲဒါ မမဆီ ပြန်လာအောင် မောင်လေးက ဓာတ်ရိုက် ဓာတ်ဆင်နဲ့ လုပ်ပေးပါလို့ အားကိုးပါတယ်ကွယ်'

သူရိယကျော်သောင်း ခေါင်းကုတ်လိုက်သည်။

'ခက်တာပဲ..... ဒီကိစ္စက အဖေရှိတုန်းက လုပ်တာ.... ကျွန်တော်က.....'

ထိုအချိန်တွင် ညီမဖြစ်သူ စန္ဒာကျော်သောင်း နောက်ဖေးမှ ထွက်လာသည်။

'ကိုကို..... ဘာဖြစ်လို့လဲ'

'ဒီမှာကွာ.... သူ့ယောကျ်ားအိမ်ပေါ်က ဆင်းသွားလို့တဲ့... .အဲဒါ ခေတ်ရိုက်ခေတ်ဆင် လုပ်ခိုင်းနေတယ်'

စန္ဒာကျော်သောင်းက ထိုမိန်းမကို ကြည့်လိုက်ပြီး

'ဒါနဲ့ ... အစ်မ ယောကျ်ားက ဘာလို့ ဆင်းသွားတာလဲ'

'မနေချင်လို့ပေါ့ကွယ်'

'ဟာ .... မနေချင်တာတော့ ခင်ဗျားပြောမှလားဗျ။ ဘာလို့ မနေချင်ရတာလဲလို့ မေးတာ'

'ဩော်.... ဒီလိုပါ သူက အလှအပ သိပ်မက်တာ။ အဲဒါကြောင့် မမက သူကြိုက်လာအောင် အခု လက်ရှိမော်ဒယ်တွေ လုပ်သလို မျက်တောင်တုတပ်တယ်၊ နှာခေါင်းပြင်တယ်၊ ဆံပင်ဖြောင့်တယ်၊ တစ်ကိုယ်လုံးကို ပေါင်းတင်တယ်။ အဲဒီ လို ပြုပြင်လိုက်တော့...'

'သူ ကြိုက်လာရော ဆိုပါတော့'

ထိုမိန်းမက ခေါင်းခါပြီး

'ဟင့်အင်း.... အဲဒီ နေ့ကတည်းက အိမ်ပေါ်က ဆင်းသွားတာ ပြန်မလာတော့ပါဘူးကွယ်၊ မမ အခုလို မပြင်မဆင်ဘဲ သရဲရုပ် ပြန်ပေါက်သွားတာသာ ကြည့်ပါတော့'

'ဩော်.... ဖြစ်မှ ဖြစ်ရလေဗျာ.... ကျွန်တော်ဆိုရင်လဲ အဲဒီ လို လုပ်မှာပဲ'

'ဘာ'

'အဲ.... ဟုတ်ပါဘူး အဲဒီ လို မလုပ်သင့်ဘူးပေါ့လို့။ ကျွန်တော်သာဆို ဒီလို ဘယ်လုပ်မလဲ'

'ဒါဆို မောင်လေး မမကို လုပ်ပေးမှာပေါ့နော်'

‘ကျွန်တော် ဒု. သ.န. သော ကြောက်တယ်ဗျ’

‘မမကတော့ မကြောက်ဘူး၊ အမ်.... ဟုတ်ပါဘူး ဘာကို ပြောတာလဲ’

‘ဟို.... အစ်မပဲ လုပ်ပေးဆို’

‘အင်းလေ.... ဓာတ်ရိုက်ဓာတ်ဆင်လုပ်ပေးလို့ ပြောတာ’

‘အဲဒါများ အစ်မရယ်.... စောစောက ပြောရောပေါ့’

‘ဒါဆို လုပ်ပေးမယ်ပေါ့’

အမျိုးသမီးကြီးက မျှော်လင့်တကြီးလေသံဖြင့် မေးသည်။

‘ကျွန်တော် မလုပ်တတ်ပါဘူး’

‘ဟင်’

အမျိုးသမီးကြီး မျက်နှာပျက်သွားစဉ် စန္ဒာက ဝင်၍

‘ကိုကိုကလည်း သွားနောက်နေပြန်ပြီ။ ကိုယ်နဲ့ ကစားဖော်ကစားဖက်လည်း မဟုတ်ဘဲနဲ့.... လုပ်ပေးမယ် အစ်မ၊ ကိုကိုက ဒီလောက်တော့ အသေးအဖွဲ့.... ခြင်ရိုက်တာလောက်တောင် မခက်ဘူး ..... အစ်မယောကျ်ား တစ်ပတ်အတွင်း ပြန်လာစေရမယ် စိတ်ချ’

‘ဟယ်.... တကယ်’

‘တကယ်ပေါ့ အစ်မရဲ့၊ အစ်မ ဘာမှ မလုပ်နဲ့..... အိမ်မှာထိုင်ပြီးသာ ကိုရီးယားကား ကြည့်နေ ပေတော့။ တစ်ပတ်အတွင်း ကိုကိုရဲ့အစွမ်းနဲ့ အစ်မယောကျ်ား အစ်မဆီကို ပြန်ရောက်လာလိမ့်မယ်’

အမျိုးသမီးကြီး ဝမ်းသာသွားသည်။

‘ကျေးဇူးတင်လိုက်တာ ညီမလေးရယ်.... မမ အခု စွဲနေတဲ့ ကိုရီးယားကားကလည်း နောက် တစ်ပတ်ဆိုရင် ဇာတ်သိမ်းပြီ.... ဒါဆို.....

ကိုရီးယားလည်း အပြီး မမယောကျ်ားလည်း ပြန်အရောက်.... ကွက်တိပဲပေါ့'

'ကွက်တိပဲပေါ့ .. .အစ်မယောကျ်ား ပြန်လာမှ နှစ်ယောက်တည်း ကိုရီးယားကား ဆက်ရိုက်ကြ ပေတော့'

'ရိုက်မယ် ရိုက်မယ် အခုတော့ စရံအနေနဲ့ ဓာတ်ရိုက်ဓာတ်ဆင်ရိုက်ခ ငါးထောင်ပေးခဲ့မယ်နော် ..... အစ်မယောကျ်ားပြန်လာမှ နှစ်ယောက်အတူ နောက်ထပ် လာကန်တော့ဦးမယ်။ အခုတော့ ..... ကိုရီးကားလာတော့မှာမို့ မမကို ခွင့်ပြုပါဦး'

'ဟုတ်ကဲ့... .အစ်မ'

အမျိုးသမီးကြီးက သူ့ပိုက်ဆံအိတ်ထဲမှ ငါးထောင်ထုတ်၍ စန္ဒာကို ပေးလိုက်ပြီး ဖလမ်းဖလမ်း နှင့် ထပြန်သွားလေသည်။

သူရိယကျော်သောင်းကတော့ သူ့ညီမကို နားမလည်သလိုကြည့်ပြီး အပြစ်တင်သည်။

'ညီမလေး.... နင် ဘာတွေလျှောက်လုပ်နေတာလဲ ဟင်..... ငါဘာမှ မတတ်ဘူးဆိုတာ နင် လည်း သိရဲ့သားနဲ့.... အခု ဘယ်လိုလုပ်မလဲ.... ဟိုက စရံတောင် ပေးသွားပြီ၊ သူ့ယောကျ်ား ပြန်ရောက်မလာဘူးဆိုရင် ငါတို့ သေပြီ'

' စိတ်မပူပါနဲ့ ကိုကိုရယ်.... ညီမလေး နာမည် စန္ဒာကျော်သောင်းပါ.... ရှာရိုးကိုးပေါက် လျှောက်သွားလို့ သိထားတာက.... သူ့ယောကျ်ား နောက်ထပ် အငယ်လေးတစ်ယောက်နဲ့ ရွှာ တောင် ဘက် ကောက်ရိုးပုံ နောက်မှာ ညဘက်ဆို အမြဲတမ်းချိန်း ချိန်းတွေ့တယ်'

'အဲဒီ တော့.....'

'အဲဒီ တော့.... အဲဒီ ကိစ္စကို ညီမလေးနဲ့ ဟိုလေးယောက် တာဝန်ထားလိုက်'

*

## အခန်း(၃)

အချိန်က ည ကိုး နာရီ။

နေရာက ကောက်ရိုးပုံနောက်။

ချိန်းတွေ့နေတာက….

‘အသည်းလေး….’

‘ပြောလေ… .မောင်’

‘အခုလို… .အသည်းလေးနဲ့ ခိုးပြီးတွေ့နေရတာ …. အားမရတော့ဘူးကွာ….. ပေါ်တင်တွေ့ချင် ပြီ’

‘ပေါ်တင်တွေ့ချင်ရင် ကြိုးစားပေ့ါ မောင်ရဲ့…. အသည်းလေးရဲ့ မိဘတွေက ရုပ်ဘယ်လောက် ဆိုးဆိုး… တစ်ခုလပ်ဖြစ်ဖြစ် …. မုဆိုးဖို ဖြစ်ဖြစ်…. ကားပါရင် သဘောကျတယ်…. မောင် ကားနဲ့တင် တောင်းနိုင်အောင် ကြိုးစားပေ့ါ’

‘အေးကွာ….. မောင့်မှာလည်း ဆိုက်ကားပဲရှိတယ်… .အိမ်က ဟာမကြီးကို ရောင်းပြီး ကားဝယ် လို့ရရင် သိပ်ကောင်းမှာပဲ…. ခက်တာက သူ့ခန္ဓာကိုယ်ကြီးကို မြို့က ဘယ်ကားပွဲစားကမှ လိုချင်မှာ မဟုတ်ဘူး’

‘အင်း….. မောင်က အရိုးကျအောင် ပိန်သလောက် မောင့်မိန်းမကြီးက မိုးပျံပူဖောင်းလောက် ရှိ တယ်နော်…. ဘယ်လို မျက်စိလည် လမ်းမှားပြီး ယူဖြစ်သွားတာလဲ’

‘သူက မောင်နင်းတဲ့ ဆိုက်ကားကို ဈေးသွား ဈေးပြန်စီးနေကျလေ။ အဲဒါ…. ကြာလာတော့ မောင် ပင်ပန်းတာ မကြည့်ရက်လို့ မောင့်ကို

တာဝန်ယူပါရစေဆိုပြီး လက်ထပ်လိုက်ကြတာ။ သူနဲ့ ညားပြီးတော့ ဈေးသွား ဈေးပြန် ဆိုက်ကားကို သူကိုယ်တိုင်ပဲ နင်းပြီး ဝိတ်ကျအောင် လုပ်တယ်။ မောင်ကတော့ ပါစင်ဂျာခုံမှာ အခန့်သားပေါ့။ ဒီလိုနဲ့ ကြာလာရင် သူက ပိန်လာမှာပဲဆိုပြီး မျှော်လင့် ခဲ့တာ.... ဝက်မက အဲဒီ အချိန်လေး တစ်ချိန် အပင်ပန်းခံပြီး ကျန်တဲ့အချိန် စားလိုက်.... အိပ်လိုက်နဲ့.... ပိုဝလာတယ်'

'မောင်ရယ်.... မောင့်မယားကြီးရဲ့ အဆီချလေ့ကျင့်ခန်းကိုတော့ ကြိုက်သွားပြီ။ အေရိုးဗစ် မကဘဲ ဆိုက်ကားတက်နင်းတယ်တဲ့.... ဟင်း.... ဟင်း.... ဟင်း'

အငယ်မလေးက အားရပါးရ ရယ်သည်။

'မောင် ဆုံးဖြတ်လိုက်ပြီး အသည်းလေး'

'ဘယ်လို ဆုံးဖြတ်လိုက်တာလဲ.... သူက ဆိုက်ကားနင်းနေတယ်ဆိုတော့ မောင်က အေရိုးဗစ် က တော့မှာလား'

'ဒါပေါ့ အဆီကျအောင်လေ... .အာ .... ဘာတွေပြောနေတာလဲ..... အသည်းလေးကို လက်ထပ်ဖို့ ဟိုမိန်းမနဲ့ တရားဝင်ကွာရှင်းမယ်လို့ ဆုံးဖြတ်လိုက်ပြီ ပြောတာ'

'ဟင်.... မောင်... တကယ်ပြောတာလား'

'တကယ်ပေါ့..... အဲဒါမှ သူ့ဆီက အမွေတစ်ဝက်ရပြီး ရတဲ့အမွေနဲ့ကားဝယ်.... အသည်းလေး ကို တင်တောင်းလို့ရမှာ'

'ဟေး.... ဒါမှ တို့ရဲ့မောင်ကွ။ ဒါဆို အသည်းလေးရဲ့ မိဘတွေကို ဖွင့်ပြောလိုက်တော့မယ်။ သမီး လင်လိုချင်ပြီလို့'

အဲဒီ အချိန် သူတို့နှစ်ယောက်ကို ကျားချောင်းသလို သစ်ပင်အကွယ်မှ ချောင်းနေသူ ငါးယောက် ရှိသည်။

သူတို့ကတော့ စန္ဒာကျော်သောင်း ဦးဆောင်သော ဒု၊ သ၊ န၊ သောတို့အဖွဲ့။

သူတို့အဖွဲ့ထဲမှ 'သ'က စ၍

'မမလေး သူတို့နှစ်ယောက် ချိန်းတွေ့နေပြီဆိုတော့ ကျွန်တော်တို့ ဘာလုပ်ရမှာလဲ'

'ငါပြောမယ်..... ငါတို့မျက်နှာမှာ အဝတ်တွေစည်းပြီး သူတို့ရှေ့ ထွက်ရပ်မယ်။ နင်တို့က ငါပြောတဲ့အတိုင်း နောက်ကနေ သံယောင်လိုက်ကြ.... ကြားလား'

'ဟုတ်ကဲ့ပါ မမလေး'

ထို့နောက် ငါးယောက်သား ပါလာသော အဝတ်နက်များကို မျက်နှာပေါ်စည်း၍ တုတ်ကိုယ်စီ ကိုင်ပြီး ပိန်တာရိုးစုံတွဲရှေ့ ထွက်ရပ်လိုက်ကြသည်။

'ဟိတ် .... ရပ်ကြစမ်း'

ရုတ်တရက် ဘွားကနဲပေါ်လာသော အဝတ်နက်ဖုံး လူငါးယောက်ကြောင့် ပိန်တာရိုးက ကြောက်ကြောက်လန့်လန့်ဖြင့် သူ့ရည်းစားလေး၏ မျက်နှာကို လှျာနှင့်လျက်ရန် ကြိုးစားသည်။

'ဩော်.... ဘာလုပ်တာလဲ'

ကောင်မလေးက တွန်းထုတ်လိုက်သည်။

'ဟို... သူ..... သူတို့က လျက်ဆိုလို့'

ပိန်တာရိုးက သူတို့ငါးယောက်ကို လက်ညှိုးထိုး၍ ဖြေသည်။

'ဘာတွေ ပြောနေတာလဲ.... ခင်ဗျား လျက်ချင်တိုင်း ကျုပ်တို့ကို မလွှဲချနဲ့..... ကျုပ်ပြောတာ ခင်ဗျားတို့ လုပ်ရပ်တွေကို ရပ်လိုက်လို့ ပြောတာ'

စန္ဒာကျော်သောင်းက ယောကျ်ားလေးအသံလုပ်၍ ဟောက်လိုက်သည်။

'ဘာတွေ ပြောနေတာလဲ.... ခင်ဗျား လျက်ချင်တိုင်း .... ကျုပ်တို့ကို မလွဲချနဲ့။ ကျုပ်ပြောတာ ခင်ဗျားတို့လုပ်ရပ်တွေကို ရပ်လိုက်လို့ ပြောတာ'

လေးယောက်သား အသံက တစ်ညီတစ်ညာတည်း။

စန္ဒာကျော်သောင်းက သူတို့ကို နောက်လှည့်ကြည့်လိုက်သည်။

'ကျွန်မတို့က ဘာလို့ရပ်ရမှာရှင်၊ ဘာမှ မလုပ်ရသေးပါဘူး။ အလ္လာပ သလ္လာပ စကားလေး တွေပဲ လမ်းကြုံလို့ ပြောနေကြတာပါ'

ကောင်မလေး၏ အပြောကြောင့် စန္ဒာကျော်သောင်းက မျက်လုံးပြူး၍ ဟောက်သည်။

'ဘာ... ညကြီးအချိန်မတော် ကောက်ရိုးပုံနောက်မှာ လမ်းကြုံလို့ အလ္လာပသလ္လာပ ပြောတယ်.... ယုံအောင်ပဲ ရှီးစမ်းပါဦး'

နောက်က လေးယောက်ကလည်း.....

'ဘာ.... ညကြီးအချိန်မတော် ကောက်ရိုးပုံနောက်မှာ လမ်းကြုံလို့ အလ္လာပ သလ္လာပ ပြောတယ် ..... ယုံအောင်ပဲ ရှီးစမ်းပါဦး'

ဒီတစ်ခါတော့ မဟုတ်တော့သည်မို့ စန္ဒာကျော်သောင်းက နောက်လှည့်ပြီးတော့ ဟောက်တော့ သည်။

'ဟေ့ကောင်တွေ.... မင်းတို့ ဘာဖြစ်နေကြတလာလဲ ငါ့ကို လှောင်နေကြတာလား'

'မမလေးပဲ သံယောင်လိုက်ရမယ်ဆို'

'န'က ပြောသည်။

'ဟေ့ကောင်တွေ၊ ဘာ မမလေးလဲ'

'ဩော်.... ကိုကိုလေး.... ကိုကိုလေးပဲ သံယောင်လိုက်ရမယ်ဆို'

'အေး.... သံယောင်လိုက်တယ်ဆိုတာ ငါပြောတဲ့အတိုင်း တစ်ထပ်တည်းပြောခိုင်းတာ မဟုတ် ဘူး။ တယ်အ,တဲ့ ကောင်တွေပဲကွာ... ဘာမှ မပြောနဲ့ တိတ်တိတ်နေတော့'

'ဟုတ်'

လေးယောက်အသံက တညီတညာတည်း။

စန္ဒာကျော်သောင်းက ပိန်တာရိုးတို့အတွဲကို ကြည့်၍ ပုလိပ်စစ် စစ်တော့သည်။

'မှန်မှန်ပြောစမ်း၊ ဘာလို့ ညဘက်ကြီး ကောက်ရိုးပုံနောက်မှာ ချိန်းတွေ့နေရတာ လဲ'

'ဟို မြို့မှာလို ကေတီဗွီတို့ မာဆတ်တို့ မရှိလို့ပါ'

ပိန်တာရိုးက အယောင်ယောင်အမှားမှားဖြေသည်။

'ဟာ.... မောင် ဘာတွေ လျှောက်ပြောနေတာလဲ၊ ဟို.... ဒီလိုပါရှင်၊ ကျွန်မတို့နှစ်ယောက် ငြိနေ ကြတာကို လူတွေ သိရင်... အဖေတို့ အမေတို့ကို ဖော်ကောင်လုပ်မှာစိုးလို့ပါ'

'အေး.... ဒါဆိုရင် အခု ငါတို့တွေသိသွားပြီး၊ ဒီတော့ ဖော်ကောင်လုပ်မယ့်အပြင် မင်းရဲ့နှာခေါင်းကိုပါ ရိုက်ချိုးပစ်မယ်'

'မ... မလုပ်ပါနဲ့ဗျာ.... လူတစ်ကိုယ်လုံးမှာ ထွားတာဆိုလို့.... ဒီနှာခေါင်းပဲရှိပါတယ်။ ချမ်းသာ ပေးပါ'

ပိန်တာရိုးက ကြောက်အားလန့်အား တောင်းပန်သည်။

'အေး... .မင်းကို ရွေးချယ်စရာ နှစ်လမ်းပေးမယ်'

'ဘယ်လမ်းလဲဟင်.... မိုးယုစံနဲ့သက်မွန်မြင့် နှစ်ယောက်ထဲက တစ်ယောက်ကို ရွေးရမှာလား'

'တိတ်စမ်း နှာခေါင်းကြီး မတန်မရာ မမှန်းနဲ့။ မင်း ရွေးရမှာနှစ်ခုက သူနဲ့ အဆက်အသွယ် ဖြတ်ပြီး ကိုယ့်မိန်းမအိမ်ကို ကောင်းကောင်းမွန်မွန်ပြန်မလား၊ ဒါမှမဟုတ် ငါတို့လက်ချက်နဲ့ တစ်ကိုယ် လုံး အရိုးတွေကြေမွပြီး ဆေးရုံမှာ ထာဝရလူနာအဖြစ် နေမလား..... အဲဒီ နှစ်လမ်းထဲက ကြိုက်တာ ရွေး'

'မ.... မလုပ်ပါနဲ့ဗျာ... အဲဒီ နှစ်လမ်းစလုံးကို မကြိုက်ပါဘူး။ နောက်တစ်ခုလောက် ချမ့်စ် ပေးပါ ဦးလား'

'အောင်မာ..... ကိုယ့်ကိုကိုယ် နိုင်ငံခြား ရောက်နေတယ်များ မှတ်နေလား မသိဘူး။ ဘိုလို လာမှုတ်နေတယ် မြန်မာလိုပဲ မှုတ်'

'ဘယ်သူ့ကို မှုတ်ရမှာလဲ ဟင်'

'သူ့ကို'

စန္ဒာကျော်သောင်းက ပိန်တာရိုးဘေးနာမှ ကောင်မလေးကို လက်ညှိုးထိုး၍ ပြောရာ ပိန်တာရိုး က သူ့ရည်းစားလေးကို မြန်မာလို မှုတ်လိုက်ပါသည်။

'ဖူး'

ကောင်မလေး၏ ဆံပင်တွေ လေနှင့်လွင့်ဝဲသွားသည်။

စန္ဒာကျော်သောင်းက အသင့်ယူလာသော တုတ်နှင့်ပိန်တာရိုးခေါင်းကို ပိတ်ခေါက်လိုက်သည်။

'တိန်'

'အ'

'ဟော့ကောင် မင်းကို ရွဲ့ပြောနေတာကွ၊ မြန်မာလို နားလည်အောင် ပြော... သူ့ကို အဆက်ဖြတ် မလား.... မဖြတ်ဘူးဆိုရင် ငါ့ကောင်တွေက မင်းကို တစ်စစီ လုပ်ပစ်လိမ့်မယ်'

ထို့နောက် စန္ဒာကျော်သောင်းက ဒုသတသောတို့ဘက် လှည့်ကြည့် စစ်ကူတောင်းသည်။

'ဟုတ်တယ်.... မဟုတ်လား ဟော့ကောင်တွေ'

ဒုသနသောတို့က ဘာမှမပြော။

'ဟော့ကောင်တွေ... ဟုတ်တယ်.. မဟုတ်လားလို့ ... မေးနေတယ်လေ'

ဘာမှမပြော။

စန္ဒာကျော်သောင်း ဒေါသထွက်ပြီး အသံပြဲကြီးနှင့် အော်သည်။

'ဟော့ကောင်တွေ'

ထိုအခါမှ အသံထွက်လာသည်။

'ဟို ....မမလေး..... အဲ.... ကိုကိုလေးက ဘာမှ မပြောနဲ့ဆိုလို့'

'ဟာ... တော်တော်ထူတဲ့ကောင်တွေပဲ မဟုတ်တမ်းတရား ပြောရမယ်... ပေါက်ကရ လုပ်ရမယ် ဆိုရင် ဉာဏ်က ထွက်တယ်။ ဒါမျိုးကျ ဒူလိုက်တာ... အလိုက်သင့်တော့ ပြောပေါ်'

'ဟုတ်..... ဟုတ်ကဲ့'

ထို့နောက် စန္ဒာကျော်သောင်းက ပိန်တာရိုးစုံတွဲဘက် လှည့်၍

'ကဲ.... ပြော... ပြော.... ကြာတယ်။ မပြောရင် ငါ့လူတွေက မင်းကို ဝိုင်းသမလိမ့်မယ်'

'ဟုတ်တယ်... ဟုတ်တယ်... သမမယ်'

'အရိုးတခြား… အသားတခြား ဖြစ်စေရမယ်'

'အသေရိုက်မယ်'

အခုမှ ဒုသနသောရဲ့ အသံတွေ ထွက်လာသည်။

ပိန်တာရိုး ကြောက်လွန်း၍ ဒူးတန်နေပြီး

'မ… မလုပ်ပါနဲ့ဗျာ… အဆက်… အဆက်ဖြတ်ဆိုလည်း ဖြတ်ပါ့မယ်'

သူ့ရည်းစားလေးက အားမလို အားမရဖြင့် အပြစ်တင်သည်။

'မောင်ရယ်…. သူရဲဘောကြောင်လှချေလား…. ပြောတော့ဖြင့် အသည်းလေးကိုသာ ရမယ် ဆိုရင် ကုမ္ဘာဏ်တစ်ထောင်နဲ့ စစ်ခင်းရလည်း မကြောက်ဘူးဆို'

'အီး…. ကုမ္ဘာဏ်တစ်ထောင်က မမြင်ရဘူး…. သူတို့က ကိုယ့်ရှေ့မှာ ရောက်နေပြီ'

'ပြီးတော့ အသည်းလေးရှိတဲ့နေရာသာဆိုရင် မြောက်ကိုရီးယားက ဒုံးကျည်နဲ့ထုလည်း ရောက် အောင်သွားမယ်ဆို'

'အဲဒီ …..ဒုံးကျည်က ဝေးတယ်။ သူတို့တုတ်တွေက နီးနေပြီ'

'ပြောတော့ဖြင့်… တို့နှစ်ယောက်ကို ခွဲတဲ့သူဆိုရင် အဲဒီ လူကို အမှုန့်ချေပစ်မယ်လေး ဘာလေး နဲ့'

'အခု အမှုန့်ဖြစ်မှာက ကိုယ်ဖြစ်နေပြီလေ အီး… ဟီး…. ဟီး'

'ကဲ… ကဲ…. ကြာတယ်…. အလွမ်းသယ်မနေကြနဲ့တော့… ဒီနေရာက မြန်မြန်သွား၊ နောက် လည်း လာစရာမလိုဘူး။ ထပ်လာရင် ငါ့တို့တွေက မင်းကို အခွင့်အရေးမပေးတော့ဘူး…. နားလည်းလား'

'စန္ဒာကျော်သောင်းက ပိန်တာရိုးမျက်ခွက်နားကို တုတ်ကြီးကပ်၍

ဟောက်လိုက်သည်။

‘နားလည်ပါပြီ’

‘နားလည်ရင် ထ’

ပိန်တာရိုးနှင့် ကောင်မလေး လက်ကိုဖြုတ်၍ မတ်တက်ထရပ်လိုက်ကြသည်။

ထိုအခါ မျက်နှာဖုံးစွပ်ငါးယောက်ရဲ့နောက်မှာ မိန်းမတစ်ယောက် ဆံပင်ဖားလျားကြီးနှင့် မတ်တပ်ရပ်နေသည်ကို နှစ်ယောက်သား ကြောက်မက်ဖွယ်ရာ မြင်တွေ့လိုက်ရသည်။

‘ဟာ’

ပိန်တာရိုး ခေါင်းမွေးများပင် ထောင်သွားသည်။

ထဘီကို ရင်ခေါင်းအထိပတ်၍ ပုံမကျ ပန်းမကျ ဝတ်ထားသော မိန်းမက လရောင်အောက်မှာ ဆံပင်ဖားလျားနှင့် မတ်တပ်ကြီးရပ်နေသည်။

ခေါင်းကြီးက ငုံ့ထားပြီး ပြူးကျယ်သော မျက်စိတွေနှင့် သူတို့နှစ်ယောက်ကို လှန်ကြည့်နေ သည်။

‘အ... အသည်းလေး.... မြင်....မြင်လား’

ပိန်တာရိုးက စကားတွေ အထစ်ထစ်အငေါ့ငေါ့နှင့် ကောင်မလေးကို လှမ်းမေးရာ ကောင်မလေးကလည်း တစ်ကိုယ်လုံး တုန်နေပြီး အသံပြာကြီးနှင့် ဖြေသည်။

‘တွေ့..... တွေ့တယ်.... မျက်လုံးကြီး ပြူးနေတာပဲ’

‘ထိုအခါ ဆံပင်ဖားလျားနှင့် မိန်းမက ပါးစပ်ကြီးကိုဖြဲ၍ သူတို့နှစ်ယောက်ကို ရယ်ပြလိုက် သည်။

‘အမရေး.... အမေရေ ကြောက်ပါပြီဗျ.... ပြေးပြီ..... ပြေးပြီ’

နှစ်ယောက်သား လက်ဆွဲ၍ ဘယ်နေရာမှန်းမသိသော နေရာတစ်ခုသို့ ဦးတည်ပြီး ဖနောင့်နှင့် တင်ပါး တစ်သားတည်းကျအောင် ပြေးကြတော့သည်။

‘ဟား...ဟား...ဟား... တွေ့လား ငါတို့ကို ကြောက်လို့ ပြေးတာမှ တန်းနေတာပဲ’

‘ဟုတ်ပ.... မမလေးရယ်..... ပြီးတော့လည်း ပြောသွားသေးတယ်။ မျက်လုံးကြီးကို ပြူးနေတာ ပဲတဲ့။ မမလေးရဲ့ မျက်လုံးဝိုင်းဝိုင်းလေးကိုများ’

‘သော’၏ စကားကို ‘န’ကလည်း ထောက်ခံသည်။

‘ဟုတ်ပ.... တကယ်ဆို တို့မမလေးက သမင်မျက်လုံးလေးတွေ၊ ဘယ်အချိန်ကြည့်ကြည့် ဆွဲငင်ဓာတ်ပါတဲ့ သံလိုက်မျက်ဝန်း’

‘ဒါတင် ဘယ်ကဦးမလဲကွ... မျက်စောင်း တစ်ချက်ထိုးရင်... ယောကျ်ားတစ်သိန်း ဖင်ထိုင်ကျ သွားစေလောက်တဲ့ အကြည့်မျိုး’

‘သ’ကလည်း ဝင်၍ အမွှန်းတင်ပေးသည်။

‘ဒု’ကလည်း

‘ဘယ်ကမလဲ မျက်လုံးတစ်ချက် မှိတ်ပြလိုက်ရင် လေဖြတ်နေတဲ့ အဘိုးကြီးတောင် ကောက် ကောက်ပါအောင် လိုက်လာမယ့် မျက်ဝန်းကွ’

လေးကောင်လုံးကို စန္ဒာက လက်ထဲကတုတ်နှင့် ပိတ်ခေါက်လိုက်သည်။

‘တိန်’

‘တိန်’

‘တိန်’

‘တိန်’

‘သေနာတွေ…. ဒါမျိုးကျ သင်စရာမလိုဘဲ တတ်တယ်။….. အခုန ပြောခိုင်းတုန်းကကျတော့ … ခွေးအ,ကြီး လှည်းနင်းခံထားရသလိုနဲ့… ပါးစပ်ပိတ်… ပြနိမယ်’

ဒီလိုနှင့် မိမိ၏ အိမ်ဂေဟာသို့ ပြန်လည်ချီတက်သွားကြသည် ဆိုပါတော့။

*